ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်

အစုရှယ်ယာရှင်များသို့ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များအား အမြတ်ဝေစုခွဲဝေပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၆-၈-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆-၂၀၂၇) တွင် အစုရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါ အမြတ်ဝေစု ခွဲဝေပေးရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခဲ့ရာ ဗဟိုဘဏ်မှ ခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် အစုရှယ်ယာ တစ်စုလျှင် ကျပ် (၁၄၀) တိတိ ခွဲဝေပေးရန် (၁-၁၁-၂၀၂၆) ရက်နေ့တွင် ကျင်းပခဲ့သော (၃၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အမြတ်ဝေစုတန်ဖိုးကို အစုရှယ်ယာရှင်များအား စနစ်တကျ ထုတ်ပေးနိုင်ရန် အတွက် အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (၂၄-၉-၂၀၂၆) Record Date နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းပါ အစုရှယ်ယာရှင်များအား ခွဲဝေပေးသွားမည် ဖြစ်ပါသည်။

၃။ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးတွင် ကြေညာခဲ့သော အမြတ်ဝေစုခွဲဝေပေးခြင်းအား (၁၀-၁၁-၂၀၂၆) ရက်နေ့မှစ၍ MCB ဘဏ်စာရင်းတွင် ရှိသော ရှယ်ယာများကို MCB ဘဏ်မှလည်းကောင်း၊ YSX တွင် အရောင်းအဝယ် ပြုလုပ်ရန် စာရင်းဖွင့်ထားသူများအနေဖြင့် Securities ကုမ္ပဏီများဖြစ်သော MSEC Securities, KBZSC Securities, CBSC Securities, AYA Trust SC Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုကို မိမိတို့ဖွင့်လှစ်ခဲ့သည့် Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်